# နို့တိုက်ရာတွင် အထောက်အပံ့ပေးခြင်းသည် အလုပ်ရှင်အပေါ် ဘယ်လိုအကျိုးရှိစေသလဲ။

မိခင်နို့တိုက်ကျွေးခြင်းစီမံကိန်းကို မွမ်းမံတင်ဆက်သည်။

## မိခင်နို့တိုက်ကျွေးသော ဝန်ထမ်းများအား ထောက်ပံ့ရေးစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ဝန်ထမ်းရေရှည်မြဲစေခြင်း၊ ကုန်ထုတ်စွမ်းအင်မြင့်မားစေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်လျော့နည်းစေခြင်းနှင့် နာမကျန်းရက်နည်းပါးစေခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံရာတွင် အမြတ် ၃ဆရနိုင်သည်။

**ယခုခေတ် လုပ်သားအင်အားရဲ့ တိုးတက်မှုအမြန်ဆန်ဆုံးကဏ္ဍမှာ** ကလေးသူငယ်ရှိသော အမျိုးသမီးများဖြစ်ကြသည်။




## မိခင်နို့တိုက်ကျွေးသော ဝန်ထမ်းများသည် အလုပ်သိပ်မပျက်ကြတော့ပါ။

သူတို့ရဲ့ မူဝါဒများနဲ့ မိခင်နို့တိုက်ကျွေးခြင်းကို ထောက်ပံ့တဲ့ အလုပ်ရှင်တွေဟာ ဝန်ထမ်းအလုပ်ပျက်ကွက်မှုလျော့နည်းလာတာကို တွေ့ရမှာဖြစ်ပါတယ်။ လူမိခင်နို့ရည်သည် မွေးကင်းစကလေး၏ ကိုယ်ခံအားကိုမြှင့်တင်ပေးပြီး ကလေးဘဝတွင်ဖြစ်လေ့ရှိသော ဖျားနာခြင်းများ၊ ကူးစက်ရောဂါများနှင့် အရေပြားရောင်ရမ်းခြင်းတွေကို ကာကွယ်ပေးပါသည်။ မိခင်နို့နှင့်ကြီးလာသောကလေးများသည် ယေဘူယျအားဖြင့် ပိုကျန်းမာကြသောကြောင့် မိဘများက မကျန်းမာသောကလေးကိုစောင့်ရှောက်ဖို့ ခွင့်ယူစရာမလိုဘဲ အလုပ်ပိုလုပ်နိုင်ပါလိမ့်မည်။

## မိခင်နို့တိုက်ကျွေးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်ကို လျော့နည်းစေပါသည်။

မိခင်နို့နှင့်ကြီးလာသောကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်လျော့နည်းလာသောကြောင့် စီးပွားရေးအတွက် ကျန်းမာရေးအာမခံတောင်းဆိုခြင်းနည်းပါးလာပါသည်။ မိခင်နို့တိုက်ကျွေးခြင်းမရှိသော ကလေးများသည် မိခင်နို့တိုက်ကျွေးသောကလေးများထက် မကြာခဏဆရာဝန်ပြရခြင်း၊ ဆေးရုံတွင်ရက်ရှည်နေရခြင်းနှင့် ဆေးကုသမှုပို၍လိုအပ်ခြင်းတို့ ဖြစ်တတ်ပါသည်။ နို့တိုက်ကျွေးသောမိခင်များတွင် သွေးမဆုံးမီဖြစ်သော ရင်သားကင်ဆာ ကဲ့သို့ တချို့ရောဂါများအဖြစ်နည်းပါတယ်။

### မိခင်နို့တိုက်ကျွေးခြင်းကို ထောက်ပံ့ပေးသောကုမ္ပဏီများတွင် ဝန်ထမ်းကိုထိန်းထားနိုင်နှုန်း




## ဝန်ထမ်းအဝင်အထွက်နှုန်းလျော့နည်းခြင်း

ဝန်ထမ်းများသည် သူတို့၏အလုပ်မှ မိခင်နို့ စဉ်ဆက်မပြတ်တိုက်ကျွေးနိုင်ရန် ထောက်ပံ့ပေးပါက ကလေးမွေးပြီးတာနဲ့ အလုပ်ပြန်တက်လေ့ရှိကြပါတယ်။

ကလေးမွေးပြီးပြီးချင်း အတွေ့အကြုံရင့်ကျက်သောဝန်ထမ်းများကို ထိန်းထားနိုင်ခြင်းသည် ယာယီဝန်ထမ်းခန့်ခြင်း ဒါမှမဟုတ် အစားထိုးဝန်ထမ်း ရှာဖွေ၊ ခန့်အပ်၊ လေ့ကျင့်ပေးခြင်းနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်ကို လျော့နည်းသက်သာစေပါသည်။

## အလုပ်ရှင်အတွက် အခြားအကျိုးကျေးဇူးများ

- ဝန်ထမ်း၏ အလုပ်အပေါ် ကျေနပ်အားရမှုရှိခြင်းနှင့် ကုန်ထုတ်စွမ်းအားကိုတိုးတက်စေပါတယ်။
- ဝန်ထမ်းတွေကြားထဲမှာ သစ္စာရှိမှုနှင့် ကျင့်ဝတ်လိုက်နာမှုများတိုးပွားစေပါတယ်။
- လူ့အဖွဲ့အစည်းတွင် ကုမ္ပဏီ၏ မိသားစုဆန်သောပုံရိပ်ကို မြှင့်တင်ပေးပါတယ်။

သင့်ကိုယ်ပိုင်အလုပ်မှာ မိခင်နို့တိုက်ကျွေးခြင်းစီမံကိန်းကနေ ရရှိမယ့် အကျိုးကျေးဇူးတွေခံစားဖို့အဆင်သင့်ဖြစ်ပြီလား။

**www.mibreastfeeding.org/workplace**

MIBFN
Michigan Breastfeeding Network